# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၂၀)

## လူထုအုပ်ချုပ်ရေးလွှမ်းမိုးမှု သဘောတရားအခြေခံမှ ဖွဲ့စည်းပုံအခြေခံဥပဒေကို ချဉ်းကပ်ခြင်း (၁)

ထိုင်းနိုင်ငံရဲ့ ဖေဖော်ဝါရီလ (၁၂) ရက်နေ့ထုတ် နေးရှင်းသတင်းစါမှာ စိတ်ဝင်စားဘွယ် ဓါတ်ပုံတပုံကို ဖေါ်ပြထား ပါတယ်။ အဲဒါကတော့ ရွေးကောက်ပွဲအပြီးအသစ်တက်လာတဲ့ ဝန်ကြီးချုပ်ဆမတ် ဆွန်ဒရာဝေ့ချ် ကို ကာကွယ်ရေး ဝန်ကြီးဌာနမှာ တပ်မတော်ထိပ်တန်းအရာရှိကြီးတွေက ဝိုင်းဝန်းအလေးပြုနေကြတဲ့ပုံပါဘဲ။ ဆမတ်ကို ပုဂ္ဂိုလ်အရ ကြိုက်တာ မကြိုက်တာ အပထား၊ လူထုက ရွေးချယ်တင်မြှောက်လိုက်တဲ့ အရပ်သားဝန်ကြီးချုပ်ကို စစ်ဗိုလ်ချုပ်တွေက ဝိုင်းဝန်း အရိုအသေပေးနေကြတဲ့ပုံကို ကြည့်ပြီး “ကြက်သရေ ရှိလိုက်လေခြင်း” ရယ်လို့ စိတ်ထဲကနေ ထောပနာ ပြုမိပါတယ်။

မြန်မာနိုင်ငံမှာတော့ ဒီလိုမျိုးပုံကိုမတွေ့ရတာ ၁၉၆၂ ခုနှစ် စစ်တပ်အာဏာသိမ်းတဲ့ အချိန်ကစပြီးရေတွက်မယ်ဆိုရင် ၄၆ နှစ်ပြည့်တော့မှာပါ။ ရာစုနှစ် တဝက်နီးပါးရယ်လို့ ပြောရပါလိမ့်မယ်။ ထိုင်းမှာ အာဏာသိမ်းမှုတွေဖြစ်ခဲ့ပေမယ့် စစ်တပ်ဟာ လူထုအုပ်ချုပ်ရေး အောက်မှာနေဘို့ဆိုတာကို မူသဘောအရ လက်ခံကျင့်သုံးတယ်။ ဗိုလ်ချုပ်ကြီးဆွန်သီ ဦးဆောင်တဲ့ ထိုင်းစစ်တပ်က ဝန်ကြီးချုပ်တပ်ကဆင် ဦးဆောင်တဲ့ အစိုးရကို အာဏာသိမ်းဖြုတ်ချခဲ့တာဟာ ဥပဒေစိုးမိုးရေးအခြေခံနဲ့ ဆန့်ကျင်ပါတယ်။ ဒါပေမယ့် လူ့အခွင့်အရေးကော်မရှင်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ အွန်ဘတ်စမင်လို့ခေါ်တဲ့ အုပ်ချုပ်ရေးအာဏာပိုင်တွေ မဟုတ်မတရား လုပ်မှုတွေကို အရေးယူခွင့်ရှိတဲ့ အရာရှိ၊ အစရှိတဲ့ အာဏာပိုင်အဖွဲ့ အစည်းတွေနဲ့ လွတ်လပ်တဲ့တရားစီရင် ရေးစနစ်အပါအဝင် မူလရှိနေတဲ့ တိုင်းပြည် အုပ်ချုပ်ရေးယန္တယားတွေကို မဖျက်သိမ်းစေဘဲ ဆက်လက်တည်ရှိ လည်ပတ်ခွင့် ပြုခဲ့တယ်။ ပြီးတော့ တနှစ်ကျော်ကာလ ကလေးအတွင်းမှာတင်ဘဲ ရွေးကောက်ပွဲကျင်းပပြီး ကတိအတိုင်း လူထုအစိုးရကို အာဏာလွှဲပြောင်း ပေးအပ်တယ်။ အရေးအကြီးဆုံးကတော့ အာဏာသိမ်း အုပ်ချုပ် ထားစဉ်ကာလအတွင်း အသစ်ရေးဆွဲခဲ့တဲ့ ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ စစ်တပ်ဟာ နိုင်ငံရေး ဦးဆောင် မှုမှာပါဝင်ရမယ်ဆိုတဲ့ မူမျိုးချမှတ်ပြီးရေးဆွဲစေခဲ့ခြင်း လုံးဝမရှိဘူးဆိုတဲ့ အချက်ပါဘဲ။ မြန်မာနိုင်ငံကနအဖ ဗိုလ်ချုပ်ကြီးများနဲ့တော့ “ဆီနဲ့ရေလို ကွာလိုက်လေခြင်း” ရယ်လို့ ပြောရမှာဖြစ်ပါတယ်။

စစ်တပ်အနေနဲ့ နိုင်ငံရေး ဦးဆောင်မှုကို လက်တွေ့ရယူပြီး ဒုတိယကမ္ဘာစစ်ပြီးစကထဲက တိုင်းပြည်ကိုရေရှည်အုပ်ချုပ်နိုင်ခဲ့တာဟာ ကမ္ဘာမှာ အင်ဒိုနီးရှားတနိုင်ငံထဲသာ ရှိပါတယ်။ ဒါတောင်မှ စစ်တပ်တခုထဲ အနေနဲ့ တိုင်းပြည်ကို နိုင်ငံရေးအရ ဦးဆောင်သွားမယ်လို့ မူအရ ဘယ်တုံးကမှ ကြေငြာခဲ့တာမျိုးမရှိပါ။ ၁၉၉၈ ခုနှစ်ကျောင်းသားတွေ ဦးဆောင်တဲ့ လူထုအုံကြွမှု အပြီးမှာတော့ ဗိုလ်ချုပ်ကြီးဆူဟာတို ပြုတ်ကျသွားခဲ့ပြီး အင်ဒိုနီးရှားမှာ နိုင်ငံရေးအပြောင်းအလဲတွေဖြစ်ခဲ့ပါတယ်။ ကွယ်လွန်တဲ့ အချိန်အထိ ဆူဟာတိုဟာ ခုံရုံးတင်စစ်ဆေးခံခဲ့ရတယ်။ ချုပ်ပြီးပြောရရင် အင်ဒိုနီးရှားမှာတောင်မှ စစ်တပ်ဟာ နိုင်ငံရေးနယ်ပယ်ကနေ လက်တွေ့အရ တဖြေးဖြေးဆုတ်ခွာသွားခဲ့ရပြီဆိုတာ တွေ့ရမှာပါ။

ကမ္ဘာမှာ ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ လစ်ဘရယ်ဒီမိုကရေစီ၊ အမျိုးသားရေးဝါဒ၊ အာဏာရှင် စသဖြင့်နိုင်ငံရေးစနစ် အမျိုးမျိုးကျင့်သုံးပြီး တိုင်းပြည်တွေကို အုပ်ချုပ်ကြတယ်။ အဲသည်လို နိုင်ငံတွေမှာ အကြောင်းအမျိုးမျိုးနဲ့ စစ်တပ်ကအာဏာသိမ်းတာတွေလည်း ဖြစ်ပွားခဲ့၊ ဖြစ်ပွားဆဲပါ။ ဒါပေမယ့် ဘယ်နိုင်ငံမှာမှ စစ်တပ်ဟာနိုင်ငံရေးဦးဆောင်မှု ရယူမယ်ဆိုတဲ့ မူကိုချမှတ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်မွေးဖွားပေးဘို့ ကြိုးစားခဲ့တာမျိုး မရှိခဲ့ပါဘူး။ အမေရိကန်ပြည်ထောင်စု အပါအဝင် အနောက်ဒီမိုကရေစီနိုင်ငံတွေ၊ တရုတ်ပြည်အပါအဝင် ဆိုရှယ်လစ်နိုင်ငံတွေသာမက၊ တောင်အာဖရိက၊ လက်တင်အမေရိက၊ အရှေ့အာရှစတဲ့ ဒေသတွေက အာဏာရှင်စနစ် အုပ်ချုပ်မှုအောက်ကနေ ဒီမိုကရေစီကို ပြောင်းလဲခဲ့တဲ့ နိုင်ငံတွေမှာပါ စစ်တပ်ဟာလူထုအစိုးရ အုပ်ချုပ်မှုအောက်မှာ ရပ်တည်ရမယ်ဆိုတာကို တကမ္ဘာလုံးအနှံ့ကျင့်သုံးနေကြပါပြီ။ ဒါကို လူထုအုပ်ချုပ်ရေး လွှမ်းမိုးမှုတနည်းအားဖြင့် အင်္ဂလိပ်ဘာသာနဲ့ Civilian Supremacy ရယ်လို့ ခေါ်ဝေါ်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွေဟာလည်း လူထုအုပ်ချုပ်ရေး လွှမ်းမိုးမှု သဘောတရားကို ထင်ဟပ်ရေးဆွဲ ကြရပါတယ်။

စစ်တပ်က နိုင်ငံရေးဦးဆောင်မှုကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီရယူကျင့်သုံးသွားမယ်ရယ်လို့ တိကျတဲ့မူချ မှတ်ပြီး၊ လက်တွေ့အကောင်အထည်ဖေါ်ဘို့ ကြိုးစားတာဟာ ကမ္ဘာမှာ မြန်မာနိုင်ငံတခုထဲ၊ နအဖ အာဏာသိမ်း စစ်ဗိုလ်ချုပ်တစုထဲ သာရှိပါတယ်။ တနည်းအားဖြင့် နအဖ စစ်ဗိုလ်ချုပ်တွေဟာ ကိုယ့်တမျိုးသားလုံးကိုစေါ်ကား နေကြသူတွေဖြစ်ရုံသာမက၊ ကမ္ဘာ့ သမိုင်းရေစီးကြောင်းကိုပါ ဆန့်ကျင်ဘို့ကြိုးစားနေသူတွေဖြစ်တယ်လို့ ပြောရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ လူထုအုပ်ချုပ်ရေးအခြေခံကို ဆန့်ကျင်ပြီး စစ်ဘက်က လူ

ထုအပေါ် လွှမ်းမိုးအုပ်ချုပ်ရေး Military Supremacy အယူအဆကို လက်တွေ့ကျင့်သုံးနေကြလို့ ဖြစ်ပါတယ်။ ဒီ အခြေခံနဲ့ ရေးဆွဲထားတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကို မေလမှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး ဇွတ်အတင်း အတည်ပြု ပါတော့မယ်။

ငြိမ်းချမ်းပြီးတရားမျှတတဲ့ လူ့အဖွဲ့အစည်းတရပ်တည်ဆောက်ဘို့ ဆိုရာမှာ လူ့အဖွဲ့အစည်း အတွင်းမှာရှိတဲ့လူ့အလွှာတွေအကြား၊ အုပ်ချုပ်မှုယန္တယားတွေ အကြား၊ တိုင်းပြည်အဆောက်အအုံတွေအကြား ဟန်ချက်ညီ ထိမ်းညှိထားနိုင်ဘို့ဟာ အလွန်အရေးကြီးလှပါတယ်။ လူ့ အလွှာတရပ်ကဖြစ်စေ၊ အုပ်ချုပ်မှုယန္တယားတရပ်ကဖြစ်စေ၊ တိုင်းပြည်အဆောက်အအုံတရပ်ကဖြစ်စေ၊ အခြားလူ့ အလွှာ၊ အုပ်ချုပ်မှုယန္တယား၊ တိုင်းပြည်အဆောက်အအုံ တွေထက် အင်အားကြီးမားသာလွန်နေတယ်ဆိုရင် အဲဒီ လူ့အဖွဲ့အစည်းရဲ့ ဟန်ချက်ပျက်တော့တာပါဘဲ။ အဲသည်အခါမှာ မညီမျှမှုတွေ၊ ကတိမ်းကပါးဖြစ်မှုတွေ၊ တဘက်စောင်းနင်းဖြစ်မှုတွေ၊ တောက်လျှောက်ပေါ်ပေါက်လာပြီး လူ့အဖွဲ့အစည်းဟာ အကြီးအကျယ် မတည်မငြိမ်ဖြစ်လေ့ရှိပါတယ်။ မြန်မာနိုင်ငံဟာ မျက်မှောက်မှာ ဒီလို အခြေအနေဆိုးမျိုးနဲ့ ရင်ဆိုင်နေရတာဟာ စစ်တပ်ဆိုတဲ့ ဝန်ထမ်းအဖွဲ့ အစည်းတရပ်ကလူ့အဖွဲ့ အစည်းတခုလုံးရဲ့ အထက်မှာ လက်တွေ့နေ နေလို့ ဖြစ်ပါတယ်။ ဒါကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ အတည်ပြုကျင့်သုံးသွားတော့မယ် ဆိုရင်တော့ အခြေအနေတွေဟာ သည်ထက်ပိုပြီးဆိုးဆိုးဝါးဝါး ဖြစ်လာဘို့သာ ရှိပါတော့တယ်။

တပ်ဗိုလ်၊ တပ်သားတွေ ဆိုတာ စစ်ရေး အခြေခံအရ အမိန့်နာခံမှုကိုသာ သင်ကြားလေ့ကျင့်ရတာဖြစ်တယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံတွေကနေ အောက်ခြေ လူထုသဘောထားဆန္ဒကိုရယူပြီး လူထုပြသနာတွေကို ဖြေရှင်းရင်း လူထုအုပ်ချုပ်ရေးလုပ်ငန်းတွေမှာ စွမ်းစွမ်းတမန် ဦးဆောင်သွားဘို့ဆိုတာ နေ့ စဉ်အမိန့်ကို နာခံနေရတဲ့ တပ်မတော်သားတွေ မလုပ်နိုင်တဲ့အရာဖြစ်ပါတယ်။ မလုပ်နိုင်တဲ့ အရာတွေကို လုပ်နေတာကြောင့် မလုပ်သင့်တာတွေကိုလုပ်မိရက်သား ဖြစ်သွားတဲ့အခါမှာ လူထုသာမကဘဲ တပ်မတော်သားတွေပါ လက်တွေ့အရ နစ်နာဆုံးရှုံးနံမည်ပျက်၊ အကြမ်းဘက်သမားတွေဘဝကို ရောက်နေရတာဖြစ်တယ်။ ဒူးနေရာဒူး၊ တော် နေရာတော်ဆိုတဲ့ မြန်မာဆိုရိုးစကားတရပ်ရှိပါတယ်။ တပ်မတော်ဆိုတာ လူထုအုပ်ချုပ်ရေး လုပ်ငန်းစဉ်ကြီးရဲ့ အရေးကြီးတဲ့ အစိပ်အပိုင်းတရပ်အဖြစ်နဲ့ သူ့နေရာမှာသူနေရမှာပါ။ အဲသလို မဟုတ်ဘဲ လူထုအုပ်ချုပ်ရေးမှုကို ဆန့်ကျင်ပြီး စစ်ဘက်ဆိုင်ရာရဲ့အုပ်ချုပ်ရေး လွှမ်းမိုးမှုသဘောတရားကို ဥပဒေနဲ့ အညီကျင့်သုံးဘို့ ကြိုးစားထားတဲ့ နအဖ ရဲ့ ဖွဲ့ စည်းပုံသာအတည်ဖြစ်သွားရင် တိုင်းပြည်ဟာ ငါးပါးသာမက သံဃာစင်ပါမှောက်ဘို့ ရှိပါတော့တယ်။

ရှုတ်ထွေးတဲ့ အရာမှန်သမျှကို ရိုးရိုးရှင်းရှင်း စဉ်းစားဘို့လိုတယ်လို့ အတွေးအခေါ်ပညာရှင်တဦးက မိန့်ဆိုခဲ့ဘူးပါတယ်။ အနာဂါတ် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် ပေါ်ပေါက်လာအောင် ကြိုးပမ်းတဲ့နေရာမှာ နအဖ က ရှုတ်ထွေးနေအောင် လုပ်ထားတာ အားလုံးအသိပါဘဲ။ အဲသည် အရှုတ်အထွေးထဲမှာ လိုက်ပြီး စဉ်းစားနေရရင် သပွတ်အူလိုက်ပြီး အဖြေရှာမရတဲ့ အနေအထားနဲ့ နိဂုံးချုပ်ရုံဘဲ ရှိပါလိမ့်မယ်။ ရိုးရှင်းစွာ စဉ်းစားဘို့ လိုပါမယ်။

မြန်မာနိုင်ငံမှာ စစ်ဘက်ဆိုင်ရာဟာ လူ့အဖွဲ့ အစည်းတရပ်လုံးရဲ့ အထက်မှာ နေသင့်ပါသလား။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးက ဏ္ဍ များအားလုံးမှာ စစ်ဘက်ဆိုင်ရာရဲ့ လွှမ်းမိုးချုပ်ကိုင်မှုကို လက်ခံခွင့်ပြုသင့် ပါသလား။ နအဖရဲ့ ဖွဲ့ စည်းပုံအခြေခံဥပဒေကို လက်ခံတယ်၊ လက်မခံဘူးဆိုတာကို အဓိကအားဖြင့် ဒီအချက်အပေါ်မှာ အခြေပြုပြီး စဉ်းစားရမှာဖြစ်ပါတယ်။ စစ်ဘက်ဆိုင်ရာဟာ လူ့ အဖွဲ့ အစည်းတရပ်လုံးရဲ့ အထက်မှာ နေသင့်တယ်၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးက ဏ္ဍ များအားလုံးမှာ စစ်ဘက်ဆိုင်ရာရဲ့ လွှမ်းမိုးချုပ်ကိုင်မှုကို လက်ခံ ခွင့်ပြုသင့်တယ်လို့ ယူဆရင်တော့ နအဖရဲ့ ဖွဲ့ စည်းပုံအခြေခံဥပဒေကို အတည်ပြုပေးလိုက် ကြရုံသာ ဖြစ်ပါတယ်။ အဲသလို မဟုတ်ရင်တော့ ပြတ်ပြတ်သားသား ငြင်းပယ်လိုက်ကြဘို့ပါဘဲ။ လူထုအနေနဲ့ သည်လို ရိုးရိုးရှင်းရှင်း စဉ်းစားကြဘို့ သာ ရှိပါတယ်။

လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းမှာ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်ခဲ့တဲ့ တပ်မတော်ရဲ့ အခန်းက ဏ္ဍ ကို အသိအမှတ်ပြုကြရမှာပါ။ ဒါကို ငြင်းကွယ်လို့ မရပါဘူး။ ဒါပေမယ့် သည်ထက်ပိုပြီး အရေးကြီးတဲ့ အချက်က လွတ်လပ်ရေးရအောင်ဦးဆောင်ကြိုးပမ်းခဲ့တာဟာ တပ်မတော်မဟုတ်ဘူး။ တို့ဗမာ အစည်းအရုံး၊ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ပြည်သူ့ အရေးတော်ပုံပါတီ အစရှိတဲ့ နိုင်ငံရေးပါတီတွေ ဖြစ်ကြတယ်။ အဲသည် နိုင်ငံရေးပါတီ အဖွဲ့အစည်းကြီးတွေမှာ သခင်အောင်ဆန်းဘဝနဲ့ ကိုယ်တိုင်ပါဝင်ဦးဆောင်ခဲ့ပြီးမှ တပ်မတော်ကို ဖွဲ့စည်းပေါ်ပေါက်လာစေခဲ့တာပါ။ ဒါကြောင့် မြန်မာ့သမိုင်းကို ပြန်ကြည့်ရင် တပ်မတော်က နိုင်ငံရေးကို ဦးဆောင်ခဲ့တာမဟုတ်ဘူး။ အရပ်ဘက်နိုင်ငံရေးခေါင်းဆောင်တွေက တပ်မတော်ကို ဦးဆောင်ပြီး လွတ်လပ်ရေးရအောင် ကြိုးပမ်းခဲ့တာ ဖြစ်

တယ် ဆိုတဲ့အချက်ကို တွေ့ရပါလိမ့်မယ်။ တပ်မတော်က နိုင်ငံရေးဦးဆောင်မှု အခန်းကို ယူရမယ်ဆိုတဲ့ အပြောအဆိုမျိုးကို ဗိုလ်ချုပ်အောင်ဆန်းရှိစဉ်ကထဲက တခါဘူးမျှ ထုတ်ဖေါ်ခဲ့တာမရှိခဲ့ပါ။ ကုန်ကုန်ပြောရရင် ၁၉၆၂ ခုနှစ်မှာ အာဏာသိမ်းပြီးတက်လာခဲ့တဲ့ ဗိုလ်ချုပ်ကြီးနေဝင်းသည်ပင်လျှင် **မလွှဲမရှောင်သာလို့သာ အာဏာ သိမ်းခဲ့ရတာ** ဖြစ်တယ်လို့ အကြိမ်ကြိမ်ရှင်းပြခဲ့တယ်။ မူသဘောတရားအရ တပ်မတော်က နိုင်ငံရေးကို ဦးဆောင်ရမယ်ဆိုတာမျိုး ဘယ်တုံးကမှုပြောခဲ့ဘူးတာမရှိပါဘူး။

ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ တရားဝင်ထည့်သွင်းပြဌာန်းပြီး တပ်မတော်က နိုင်ငံရေးမှာ ပါဝင်ဦးဆောင်တဲ့ နေရာကနေ တိုင်းပြည်ကို တည်ထောင်အုပ်ချုပ်ခဲ့လို့ တိုးတက် ကြီးပွားအောင်မြင်သွားတဲ့ နိုင်ငံဆိုတာကမ္ဘာ့ အတိတ်သမိုင်းမှာ တနိုင်ငံမှာမျှ မရှိပါ။ ယနေ့ မျက်မှောက်ကာလမှာလဲ ကာကွယ်ရေးဦးစီးချုပ်က တိုက်ရိုက်ခန့် အပ်စေလွှတ်လိုက်တဲ့ စစ်တပ်ကိုယ်စားလှယ်တွေက ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ လွှတ်တော်အမတ်တွေ တက်လုပ် နေကြတာ၊ အစိုးရဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေကြတာ ဘယ်နိုင်ငံမှာမှ မရှိပါ။ ဒီလိုလုပ်ဘို့ ဇွတ်အတင်းကြိုးစားနေတာဟာ လမ်းမှားကိုလျှောက်နေတာ၊ တိုင်းပြည်ကို ချောက်ထဲကိုကျအောင် လုပ်နေတာ ပါဘဲ။

ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ လူထုအုပ်ချုပ်ရေးယန္တယားကို တည်ထောင်၊ စစ်တပ်အပါအဝင် ဝန်ထမ်းအဖွဲ့ အစည်းတွေ အားလုံးဟာ အဲသည်ယန္တယားအောက်မှာ သူ့နေရာနဲ့ သူ အရေးကြီးတဲ့ တာဝန်တွေ ထမ်းဆောင်ခြင်းသည်သာလျှင် လျှောက်သင့်တဲ့ လမ်းမှန် ဖြစ်ပါတယ်။

သည်ကနေ့ ကာလမှာတော့ လူထုအနေနဲ့ အမှားနဲ့ အမှန်ကို ပြတ်ပြတ်သားသားရွေးချယ်ပြီး လမ်းကြောင်းမှန်ကို မဆုတ်မနစ် လျှောက်ကြဘို့ လိုအပ်လာပြီဖြစ်တဲ့ အကြောင်းတင်ပြရင်း နိဂုံးချုပ်လိုက်ပါတယ်။